မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 11, 2022 | Volume 51, Number 9

| ၁၁.၂.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၄၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## အိန္ဒိယတောင်သူတွေ ကုလားပဲနဲ့ ပဲရာဇာစိုက်ဧရိယာ တိုးချဲ့နေ

အိန္ဒိယမှာ အခုဆောင်းရာသီ ပဲရာဇာစိုက်ပျိုးရေးကို အင်တိုက်အားတိုက်နဲ့စတင်ခဲ့လို့စိုက် ဧရိယာတိုးတက်မှု အရှိန် ရလာပေမဲ့ ဒီလစိုက်ပျိုးမှုအခြေအနေက ပဲရာဇာစိုက်ဧရိယာတိုးတက်မှုတကယ်တမ်း ရှိ၊ မရှိကို အဖြေပေးလိမ့်မယ်လို့ လေ့လာသူတွေက ပြောပါတယ်။

ဘီဟာနဲ့ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွေမှာ ဆိုင်ကလုံးမုန်တိုင်း အရှိန်တွေကြောင့် မိုးသည်းထန်တာမျိုးဖြစ်ခဲ့ လို့ ဒီနှစ်မှာစိုက်ပျိုးရေးလုပ်ငန်းတွေ နှောင့်နှေးခဲ့ရပြီး ဒီကိစ္စနဲ့ ပတ်သတ်လို့ လူတွေအားလုံး စိုးရိမ်မှုရှိကြတယ်လို့ မကြာသေးခင်က အိန္ဒိယပဲအသင်း IPGA က ကျင်းပခဲ့တဲ့ အွန်လိုင်းဆွေးနွေးပွဲမှာ Agriwatch က ဗျူဟာရေးရာ အကြံပေး V.N Saroja က ပြောပါတယ်။

ဒါပေမဲ့ လတ်တလော အိန္ဒိယမှာ ပဲရာဇာစိုက်ဧက ၄.၃၁ သန်း ရှိနေပြီး မနှစ်က စိုက်ဧရိယာနဲ့ ယှဉ်ရင် ၃.၂ % တိုးတက် လာတယ်လို့ ဆိုပါတယ်။ အလားတူ ကုလားပဲစိုက်ဧကလည်း ၂၈.၁ သန်းရှိနေလို့ မနှစ်ကဧကနဲ့ ယှဉ်ရင် ၃.၉ % တိုးတက်လာတယ်လို့ ထုတ်ပြန်ပါတယ်။

တခြားသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးလာတဲ့အတွက် ဒီနှစ်ဆောင်းမှာ ပဲစိုက်ဧက လျော့ကျမယ်လို့ထင်ခဲ့ပေမဲ့ တိုးတက်မှုရှိတုန်းပဲလို့ဆိုပါတယ်။ လောလောဆယ်မှာ မုန်ညင်းကို တောင်သူတွေ အစိုက်များနေကြပြီး ဂျုံအစား ပဲကိုပြောင်းစိုက်မယ်လို့ထင်ပေမဲ့ တကယ်တမ်းမှာ မုန်ညင်းကို အစိုက်များနေတယ်လို့ V.N Saroja ကပြောပါတယ်။

လက်ရှိမှာ ပဲရာဇာနဲ့ ကုလားပဲစိုက်ဧကတွေ တိုးချဲ့နေပေမဲ့ သီးနှံတွေရင့်မှည့်လာချိန်မှာ အပူချိန်ပါတိုးလာမှာဖြစ်လို့ စိုက်ပျိုးချိန်နောက်ကျခဲ့တဲ့ ကုလားပဲနဲ့ ပဲရာဇာရဲ့ အထွက်နှုန်းကလည်း လျော့ကျသွားနိုင်တယ်လို့ V.N Saroja က ခန့်မှန်း ပြောဆိုပါတယ်။

အခုချိန်မှာတော့ ပဲရာဇာကိုမနှစ်ကထက် ၁၀ % အထွက်တိုးပြီး တန်ချိန် ၁.၂၉ သန်းရှိမယ်လို့ခန့်မှန်းကြောင်း သူက ဆိုပါတယ်။ တင်သွင်းမှုကလည်း မနှစ်ကတန်ချိန် ၈ သိန်းရှိခဲ့ရာကနေ ဒီနှစ်မှာ တန်ချိန် ၈၅၀၀၀၀ ကို မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းပါတယ်။

၂၀၂၁-၂၀၂၂အတွင်း အိန္ဒိယမှာ သွင်းကုန်စရိတ်မြင့်မားမှုကြောင့် ပဲရာဇာဈေးမြင့်တက်ခဲ့ပြီးမြောက်အမေရိက ကထွက်တဲ့ပဲရာဇာဈေးက တစ်တန်ကို ကန်ဒေါ်လာ ၁၁၀၀ အထက် ကျော်လွန်ခဲ့တဲ့အတွက် ဒီဈေးက အိန္ဒိယအဖို့ မကြုံစဖူးဈေးမျိုးဖြစ်တယ်လို့ V.N Saroja က ပြောပါတယ်။

Ref: Producer

Source: Current Content

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁၀၂ သန်းကျော် မြှုပ်နှံထား

၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁၀၂ သန်းကျော် မြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် ကျပ် ၉၃၇၅၉၆ ဒသမ ၂၅၃ သန်းဖြင့် အများဆုံးနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ကျပ် ၈၄၃၄၅ ဒသမ ၁၀၀ သန်းဖြင့် ဒုတိယအများဆုံး ခွင့်ပြုပေးလိုက်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလုပ်ငန်း ၁၇ ခုနှင့် အတည်ပြုလုပ်ငန်း ၄၄ခု၊ စုစုပေါင်းလုပ်ငန်း ၆၁ ခုကို ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း ကျပ် ၁၁၇၁၈၀၃ ဒသမ ၈၀၉ သန်းခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ အနက်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုလုပ်ငန်း ၁၇ ခု၊ အတည်ပြုလုပ်ငန်းရှစ်ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများက အတည်ပြုလုပ်ငန်းစုစုပေါင်း ၃၆ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများက ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် ၁၃၆၇၀ ဦးကို ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၉၃၇၅၉၆ ဒသမ ၂၅၃ သန်းဖြင့် အများဆုံး ခွင့်ပြုပေးခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှုပမာဏ ကျပ် ၈၄၃၄၅ ဒသမ ၁၀၀ သန်းဖြင့် ဒုတိယအများဆုံး၊အခြားဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၆၈၂၆၉ ဒသမ ၆၃၈ သန်းဖြင့် တတိယအများဆုံးဝင်ရောက်ခဲ့သည်။

ကျန်ကဏ္ဍများအနေဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့်အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံး ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေး ခုနစ်ကြိမ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၇၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလုပ်ငန်း ၂၂ ခု၊ အတည်ပြုလုပ်ငန်း ၂၆ ခု၊ စုစုပေါင်း ၄၈ ခု ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၇၉၁ ဒသမ ၃၉၈ သန်းခွင့်ပြု ခဲ့သည်။

လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားရှစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

Source:https://news-eleven.com/article/225460

## သဘာဝဓာတ်ငွေ့ အခက်အခဲဖြစ်လာနိုင်သည့် ဥရောပသို့ဓာတ်ငွေ့ရည်တင်ပို့ရန် ဂျပန် ကမ်းလှမ်း



https://news-eleven.com/article/225458

ယူကရိန်းကို ရုရှားကကျူးကျော်မည့် အလားအလာနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော တင်းမာမှုများကြောင့် သဘာဝဓာတ်ငွေ့ရည်တင်ပို့မှုများ အလျှဉ်ပြတ်သွားမည့် အရေးအပေါ်စိုးရိမ်မှုများဖြစ်ပေါ်နေချိန် ဂျပန်က မိမိ၏ သဘာဝဓာတ်ငွေ့ရည်ပို့ကုန်များအား ဥရောပသို့တင်ပို့ပေးရန် ကမ်းလှမ်းလိုက်သည်ဟု ဖေဖော်ဝါရီ ၉ ရက်တွင် ဂျပန်ကုန်သွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဂျပန်ပုဂ္ဂလိကလုပ်ငန်းတွေက သဘာဝဓာတ်ငွေ့ရည်အများအပြား တင်ပိုတာတွေကို ဥရောပဘက်သို့ လမ်းကြောင်းပြောင်းနေပြီဖြစ်၍ ယခုလအတွင်းရောက်မည်ဟု ဂျပန်ကုန်သွယ်ရေးဝန်ကြီးကိုအီချီဟာဂူဒါက ပြောကြားသည်။

တင်ပို့သည့်သင်္ဘောစင်းရေ သို့မဟုတ် သဘာဝဓာတ်ငွေ့ရည်ပမာဏ မည်မျှရှိသလဲဆိုသည်ကို ၎င်းကအသေးစိတ်ပြောကြားခြင်းမရှိပေ။

မတ်လတွင် နောက်ထပ်သင်္ဘောများ ဥရောပသို့ ဦးတည်သွားကြမည်ဖြစ်သော်လည်း ပြည်တွင်းဝယ်လိုအားကို ပြည့်မီအောင်လုပ်နေရသဖြင့် တင်ပို့မှုများမှာ အကန့်အသတ်ဖြစ်နေမည်ဟု ၎င်းက ပြောကြားသည်။

ယူကရိန်းပဋိပက္ခက ရုရှားဓာတ်ငွေ့ကိုမှီခိုနေရသော ဥရောပတွင် စွမ်းအင်အကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။

Source:https://news-eleven.com/article/225458

## ပါကစ္စတန် ကရာချီမြို့၌ ဂျုံပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

ပါကစ္စတန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခြင်းနှင့် စားနပ်ရိက္ခာအကျပ်အတည်းကို ရင်ဆိုင်နေရစဉ် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ကရာချီတွင် ယခုအခါ ဂျုံပြတ်လပ်မှုဖြစ်ပေါ်နေကြောင်း ARY News က ဇန်နဝါရီ ၃၁ ရက်တွင်ဖော်ပြသည်။ ယင်းအခက်အခဲကြောင့် ဆင်းဒ်ပြည်နယ်အစိုးရသည် ကျေးလက်ဒေသများကနေ ကရာချီမြို့သို့ ဂျုံ မက်ထရစ် တန်ချိန် ၁၀၇,၀၀၀ ပို့ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း ယင်းသတင်းဌာနကဖော်ပြသည်။

ကရာချီမြို့၌ ဂျုံပြတ်လပ်မှုနှင့်ပတ်သက်ပြီး ဆင်းဒ်ပြည်နယ်ဝန်ကြီးချုပ် မူရက်ဒ်အလီရှားထံ တင်ပြခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အစည်းအဝေးတစ်ခု၌ အထက်ပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကရာချီမြို့၌ ဖေဖော်ဝါရီလအတွက် ဂျုံ မက်ထရစ်တန်ချိန် ၁၀၇,၀၀၀ လိုအပ်မည်ဖြစ်သလို မတ်လအတွက်လည်း အဆိုပါ တူညီသော ပမာဏတစ်ရပ် လိုအပ်မည်ဖြစ်သည်ဟု စားနပ်ရိက္ခာဌာန၏ ညွှန်ကြားရေးမှူးက ပြောခဲ့ကြောင်း ARY News က ဖော်ပြသည်။ ပါကစ္စတန်တွင် ငွေကြေးဖောင်းပွမှုနှုန်းအကြီး အကျယ်မြင့်တက်လျက်ရှိသည်။

ထို့အတူ ပါကစ္စတန် အတိုက်အခံ ညွန့်ပေါင်းအုပ်စုသည် ပါကစ္စတန်အမျိုးသားနေ့ဖြစ်သည့် မတ်လ ၂၃ ရက်တွင် အစ္စလမ်မာဘတ်သို့ ခရီးရှည်ချီတက်ပြီး “ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှုအပေါ် ဆန့်ကျင်သည့်” ဆန္ဒထုတ်ဖော်မှုတစ်ခုကို လုပ်ဆောင်ရန် စီစဉ်ထားကြောင်းသိရသည်။

Source: https://mizzimaburmese.com/article/99120



https://www.foodindustrydirectory.com.mm/ food-industry/

## ဖိလစ်ပိုင်က သကြားအချော ထူးထူးခြားခြား တင်သွင်း

ဖိလစ်ပိုင်က ပုံမှန်သကြားအချောနှင့် အချိုရည်သုံး သကြား တန်ချိန်စုစုပေါင်း ၂ သိန်း တင်သွင်းရန် အစီအစဉ်ရှိပါတယ်။ ပြည်တွင်းမှာ ဒီဇင်ဘာလက ပြင်းထန်မုန်တိုင်း တိုင်ဖုန်း ကျရောက်ပြီး ကြံခင်းတွေပျက်စီး ကုန်တဲ့အတွက် သကြား ထုတ်လုပ်မှု လျော့နည်းစေခဲ့ပါ တယ်။ ပြည်တွင်းသုံးစွဲမှုအတွက် မလုံလောက်တော့တဲ့အတွက် ပြည်ပမှတင်သွင်းဖို့စီစဉ်နေ တာဖြစ်ပါတယ်။

Sugar Regulatory Administration (SRA) က ထုတ်ပြန်တဲ့ကြေညာချက်မှာ ပြည်တွင်းသကြား လက်ကျန်အရမ်း နည်းပါးနေပြီး ကြံကြိတ်ပြီး သကြားထုတ်တဲ့ရာသီအထိ လုံလောက်မှာ မဟုတ်ကြောင်းဖော်ပြ ထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ သကြားအချောပုံမှန် တင်သွင်းတဲ့ နိုင်ငံမဟုတ်ပါဘူး။ ရံဖန်ရံခါမှသာ သကြားကို ထူးထူးခြားခြား တင်သွင်းပါတယ်။ များသော အားဖြင့် ကမ္ဘာ့သကြားတင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့ ဘရာဇီးပြီးလျှင်ဒုတိယနေရာ မှာရှိတဲ့ ထိုင်းနိုင်ငံမှ တင်သွင်းလေ့ရှိပါတယ်။

တိုင်ဖုန်းဒဏ် ထိခိုက်ခဲ့တဲ့အတွက် ပြည်တွင်းသကြားအကြမ်း ထုတ်လုပ်မှုဟာ ၂၀၂၁-၂၀၂၂ ကြံရိတ်သိမ်း ရာသီ ကုန်ဆုံးမယ့် ဩဂုတ်လ ၃၁ ရက်အထိ တန်ချိန် ၂.၀၇၂ သန်း ရှိမယ်လို့ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ယခင်က တန်ချိန် ၂.၀၉၉ သန်း ရမယ်လို့ ခန့်မှန်းထား ခဲ့ကြောင်း SRA မှ အုပ်ချုပ်ရေးမှူး Hermenegildo Serafica က ပြောကြားပါတယ်။ Philippine Association of Sugar Refineries ကလည်း သကြားထုတ်လုပ်မှုကို ကီလို ၅၀ ပါ သကြားအိတ် LKg ၁၇,၅၇၂ ထွက်မယ်လို့ ယခင်က ခန့်မှန်းထားခဲ့ပြီး ယခုအခါ LKg ၁၆.၇၄၈ သန်း ပြင်ဆင်သတ်မှတ်ခဲ့ ပါတယ်။

Source:https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4252-refined-sugar-50-kg-bags.html

## ဧရာဝတီတိုင်းဒေသကြီးတွင်မတ်ပဲဈေးဆက်လက်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးမတ်ပဲဈေးနှုန်းသည် မတ်ပဲသစ်ပေါ်စရာသီတွင် တစ်တင်းလျှင်ကျပ် ၄၀၀၀၀ အထက်ရရှိခဲ့သော်လည်း ယခင်သတင်းပတ်ကာလမှစတင်ကာ တဖြည်းဖြည်းဈေးနှုန်းကျဆင်းလာခဲ့ပြီး တစ်တင်းလျှင်ကျပ် ၄၀၀၀၀ အောက်ထိ ရောက်ရှိလာသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သောမတ်ပဲဈေးနှုန်းများမှာ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တစ်တင်းလျှင်ကျပ် ၄၁၀၀၀၊ ၄ ရက် နေ့တွင် ကျပ် ၃၉၃၀၀၊ ၅ ရက်နေ့တွင် ကျပ် ၃၉၈၀၀၊ ၆ ရက်နေ့တွင် ကျပ် ၃၉၀၀၀၊ ၇ ရက်နေ့တွင် ကျပ် ၃၈၅၀၀၊ ၈ ရက်နေ့တွင် ကျပ် ၃၉၂၀၀ နှင့် ၉ရက်နေ့တွင် ကျပ် ၃၈၃၀၀ အသီးသီးဖြစ်ပါသည်။

မတ်ပဲလှိုင်လှိုင်ပေါ်သောကာလဖြစ်ပြီးဈေးကွက်အတွင်းသို့မတ်ပဲများအလုံးအရင်းဖြင့်ဝင်ရောက်လျှက်ရှိသောကြောင့်ဈေး အနည်းငယ်ဆက်လက်ကျဆင်းနေသည်။ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင်လည်း ပြည်နယ်အချို့တွင် မတ်ပဲအထွက်

နှုန်း ၁၂ % နီးပါးလျော့နည်းခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကျဆင်းခဲ့သောကြောင့် ပြည်တွင်းဈေးနှုန်းကျဆင်းခဲ့ခြင်း၊ မတ်ပဲတင်သွင်းခွင့်ကာလထပ်တိုးခဲ့ခြင်းတို့ကြောင့် မတ်ပဲဈေးကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၁သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်းနှစ်စဉ်ဝယ်ယူရန် ၅ နှစ်စာ MOU ရေးထိုးခဲ့သော်လည်း ယခုနှစ် မြန်မာမတ်ပဲအထွက်နှုန်း တန်ချိန် ၇ သိန်းဝန်းကျင်နှင့် ပဲစင်းငုံအထွက်နှုန်း တန်ချိန် ၂သိန်းခွဲရှိမည်ဟု ခန့်မှန်းထားပြီး ပဲတင်သွင်းခွင့်နောက်ဆုံးသတ်မှတ်ကာလ မတ်လ ၃၁ ရက်နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ၏ ပဲတင်သွင်းခွင့် ပေါ်လစီအပြောင်းအလဲနှင့် ကိုတာစနစ်မသေချာခြင်းများကြောင့် မြန်မာကုန်သည်များအနေဖြင့် တင်သွင်းခွင့်ကာလမတိုင်မီ အရေအတွက်အမြောက်အများတင်ပို့လိုကြသည်။ ထို့ကြောင့်လည်း မတ်ပဲဈေးနှုန်းကျဆင်းရခြင်းဖြစ်သည်ဟု AGRI World Mumbai ကခန့်မှန်းထားသည်။

သို့သော် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုအခြေအနေအရ ကန့်သတ်မှုများပြန်လည် ဖြေလျှော့လာပြီဖြစ်သဖြင့်လာမည့်သီတင်းပတ်များအတွင်း ပြည်တွင်းပဲဈေးနှုန်းများပြန်တက်လာနိုင်ကြောင်းခန့်မှန်းထားသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံသင်္ဘောတင် ၄ စီး အစီအစဉ်ရှိကာ ၁ စီးစတင်နေပြီဖြစ်ပြီးကျန် သင်္ဘောများလည်းမကြာမီ ဆက်လက်တင်မည်ဖြစ်ကြောင်းသိရှိရသည်။

Source: **ရောကုန်သွယ်မှုဗဟိုဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ပြည်ပဆန်တင်ပို့မှု(၁၅%)ခန့်တိုးတက်နိုင်ကြောင်းခန့်မှန်းခြင်း

စိုက်ပျိုးရေလုံလောက်စွာရရှိမှုကြောင့် ယခုနှစ်တွင် ပြည်ပဆန်တင်ပို့မှုအနေဖြင့် (၁၄.၈%) ခန့်တိုးတက်လာပြီး တန်ချိန် (၇)သန်းခန့်တင်ပို့နိုင်မည်ဟု ပြည်ပဆန်တင်ပို့သူများက ခန့်မှန်းထားကြောင်းသိရှိရပါသည်။ ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် ဝယ်လိုအားမြင့်တက်လာမည်ဟုမျှော်လင့်ရကြောင်း၊ ကောင်းမွန်သည့်နိုင်ငံခြားငွေလဲနှုန်းက ထိုင်းဆန်ကို ယှဉ်ပြိုင်စွမ်းအားရှိစေသင့်ကြောင်း ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Charoen Laothammatas ကပြောကြားကြောင်းသိရှိရပါသည်။

၂၀၂၁-၂၀၂၂ သီးနှံရာသီအတွက် အသင်းအနေဖြင့် စပါးထုတ်လုပ်မှု တန်ချိန် (၃၀-၃၂) သန်းခန့်အထိ တိုးတက်နိုင်ကြောင်းနှင့်ကြိုတ်ခွဲပြီး ဆန်တန်ချိန်(၂၀)သန်းအထိ တိုးတက်လာနိုင်သည်ဟုမျှော်မှန်းထားကြောင်း၊ ၎င်းမှာ ၂၀၂၀-၂၀၂၁ သီးနှံရာသီတွင်ရှိ ခဲ့သည့်စပါး တန်ချိန် (၂၇-၂၈) သန်းနှင့်ကြိုတ်ခွဲပြီးဆန် တန်ချိန် (၁၇) သန်းတို့ထက် ပိုမိုတိုးမြင့်နိုင်ကြောင်း ခန့်မှန်းထားခြင်းဖြစ်ပါသည်။

ရာသီဥတုအနေဖြင့်လွန်ခဲ့သည့်(၂)ခန့်ကကဲ့သို့ တစ်နိုင်ငံလုံးမိုးခေါင်မှုမဖြစ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ လုံလောက်သောရေပေးဝေမှုကြောင့်ဒုတိယသီးနှံထုတ်လုပ်မှုတိုးတက် လာရန်မျှော်လင့်ကြောင်း Mr. Charoen က ဆက်လက်၍ပြောကြားခဲ့ပါသည်။ လာရန်မျှော်လင့်ကြောင်း Mr. Charoen ကဆက်လက်၍ပြောကြားခဲ့ပါသည်။ ကွန်တိန်နာမလုံလောက်မှုနှင့် ကုန်စည်ပို့ဆောင်ခနှုန်းထားမြင့်မားမှုတို့က ပြည်ပဆန် တင်ပို့မှုအတွက် အဓိကအန္တရာယ်ရှိသည့် အချက်များအဖြစ် ဆက်လက်ရှိနေကြောင်း၎င်းကဆိုပါသည်။ အသင်းအနေဖြင့် ဇန်နဝါရီလတွင်ဆန် တန်ချိန် (၇၀၀,၀၀၀) တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၎င်းမှာ ဒီဇင်လာလတွင်တင်ပို့ခဲ့သည့်ဘတ်ငွေ(၁၂.၅)ဘီလီယံတန်ဖိုးရှိသည့်ဆန် တန်ချိန် (၇၂၉,၁၃၈) ထက် အနည်းငယ် ကျဆင်းသွားနိုင်ကြောင်း Mr. Charoen ကဆိုပါသည်။ အသင်း၏အဆိုအရ ဒီဇင်ဘာလတွင်ဆန်ဖြူနှင့် ပေါင်းဆန် ပြည်ပတင်ပို့မှုသည် ယခင်လကထက် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ဆန်တင်သွင်းသည့်နိုင်ငံများအနေဖြင့် နိုဝင်ဘာလတွင် ဆန်များစွာတင်သွင်းခဲ့ ကြပြီးဆန်လက်ကျန်များလုံလောက်မှု ရှိနေ၍ဖြစ်ကြောင်း သိရှိရပါသည်။

နှစ်သစ်ကူးနှင့်တရုတ်နှစ်သစ်ကူးပွဲတော်များတွင် အသုံးပြုရန်အတွက် အဓိကဆန်တင်သွင်းသူများအနေဖြင့် ဆန်တင်သွင်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြသဖြင့် ထိုင်းဟုမ်းမလိဆန်တင်ပို့မှုမှာ နိုဝင်ဘာလတွင်နှစ်အလိုက်၌ (၃၁.၃%) တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

အသင်းအနေဖြင့်ယခုကာလတွင် ဆန်ပေးသွင်းသူများအနေဖြင့် တင်းကြပ်လာခြင်းကြောင့်ဆန်ဈေးနှုန်းများအနေဖြင့် တိုးတက်လာနိုင်ကြောင်းခန့်မှန်းထားပါသည်။ ဘတ်ငွေတန်ဖိုးအားကောင်းခြင်းကြောင့် ထိုင်းဆန် ပြည်ပတင်ပို့မှုဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ဇန်နဝါရီလ (၂၆) ရက်နေ့ အထိထိုင်း 5% ဆန်ဖြူ၏ FOB ဈေးနှုန်းမှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၃၈) ဖြစ်ကြောင်း၊ ဗီယက်နမ်ဆန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ(၃၉၈-၄၀၂)နှင့် အိန္ဒိယဆန်မှာ တစ်တန်လျှင်အမေရိကန် ဒေါ်လာ (၃၃၈-၃၄၂)၊ ပါကစ္စတန်ဆန်မှာတစ်တန်လျှင် အမေရိကန် ဒေါ်လာ (၃၅၈-၃၆၂) တို့ဖြစ်ကြောင်းသိရှိရပါသည်။

ပေါင်းဆန်ဈေးနှုန်းမှာလည်း တစ်တန်လျှင်အမေရိကန်ဒေါ်လာ (၄၃၈) အထိမြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယဆန်မှာ တစ်တန်လျှင်အမေရိကန်ဒေါ်လာ (၃၆၈-၃၇၂)၊ ပါကစ္စတန်ဆန်မှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၈၈-၃၉၂)တို့ဖြစ်ကြောင်း သိရှိရပါ သည်။ အသင်း၏အစီရင်ခံစာအရ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်ကပြည်ပသို့ဆန် တန်ချိန် (၆.၁၁) သန်းတင်ပို့ခဲ့ကြောင်း၊ ၎င်းမှာ ယခင်နှစ် ကရှိခဲ့သော တန်ချိန် (၅.၇၃)သန်း ထက်(၆.၆၈%)တိုးမြင့်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှု တန်ဖိုးအနေဖြင့် ဘတ်ငွေ (၁၀၈) ဘီလီယံဖြစ်ကြောင်း၊ ၎င်းမှာ ယခင်နှစ်က ရရှိခဲ့သောဘတ်ငွေ (၁၁၆) ဘီလီယံထက် (၇.၁၄%) ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဆန်ဖြူတင်ပို့မှုမှာတန်ချိန်(၂.၃၅)သန်း (+၁၈.၉%)ဖြစ်ကြောင်း၊ ထိုင်းဟုမ်းမလိဆန် တင်ပို့မှုမှာတန်ချိန် (၁.၄)သန်း (-၁.၇%)၊ ပေါင်းဆန်တင်ပို့မှုမှာ တန်ချိန် (၁.၄) သန်း (+၁.၆%)၊ အာရိုမက်တစ်ဆန် (Aromatic RICE) ဆန်တင်ပို့မှုမှာ တန်ချိန် (၅၅၀,၅၇၄) (-၄.၁%)၊ ကောက်ညှင်းဆန်တင်ပို့မှုမှာတန်ချိန် (၃၁၀,၈၇၈) (+၁၂.၄%) တို့ဖြစ်ကြောင်းသိရှိရပါသည်။

Bangkok Post

Source: (လွင်မျိုးဇော်၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ဗန်ကောက်မြို့

## ဘရာဇီးလ်နိုင်ငံ၏သီးနှံစတော့ဈေးကွက်များတွင် ပဲပုပ်စေ့ဈေးနှုန်းများ ဟဲရာ ၂၀၀ အထက်သို့ မြင့်တက်လျက်ရှိ

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုပ်စေ့ကြိုပွဲဝင့်ဈေးနှုန်းများမြင့်တက် မှုနှင့်အတူဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်အချို့တွင် ပဲပုပ်စေ့ဈေးနှုန်းများလိုက်ပါ မြင့်တက်လျက်ရှိသည်။ လတ်တလောရက်များတွင် ဖြစ်ပေါ်နေသည့် ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနေကြောင့် သီးနှံဝယ်လက်များ ဈေးကွက်အခြေအနေကိုလေ့လာစောင့်ကြည့်လျက်ရှိသဖြင့် အရောင်းအဝယ်များအေးစက်လျက်ရှိခဲ့သည်။

ဘရာဇီးလ်နိုင်ငံရှိ ပဲပုပ်စေ့အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် သီးနှံရိတ်သိမ်းမှုများရပ်ဆိုင်းထားရသဖြင့် ဈေးကွက်သို့ သီးနှံဝင်ရောက်မှုများ သိသိသာသာကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ပဲပုပ်စေ့ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိရာ သီးနှံစိုက်ပျိုးထုတ်လုပ်သူများသည် ဈေးကောင်းရရှိရေးအတွက် ဈေးကွက်အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။

အလေးချိန် ၆၀ ကီလိုဂရမ်ရှိသည့် ပဲပုပ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၂၀၂.၀၀ ဟဲရာမှ ၂၀၄.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၂၀၀ ဟဲရာမှ ၂၀၃.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၉၈.၀၀ ဟဲရာမှ ၂၀၀.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel(PR) ဈေးကွက်တွင် ၁၉၁.၀၀ ဟဲရာမှ ၁၉၃.၅၀ ဟဲရာ သို့လည်းကောင်း၊ Port of Paranaguá(PR) ဈေးကွက်တွင် ၁၉၆.၀၀ ဟဲရာမှ ၁၉၈.၅၀ ဟဲရာသို့ လည်းကောင်း၊ Rondonópolis(MT) ဈေးကွက်တွင် ၁၈၁.၀၀ ဟဲရာမှ ၁၈၅.၀၀ ဟဲရာသို့ လည်းကောင်း၊ Dourados(MS) ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာမှ ၁၉၀.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde(GO) ဈေးကွက်တွင် ၁၈၀.၀၀ ဟဲရာမှ ၁၈၃.၀၀ ဟဲရာသို့လည်းကောင်း အသီးသီး ဈေးနှုန်းများမြင့်တက်ခဲ့ပြီး Port of Santos (SP) ဈေးကွက်တွင် ၁၉၇.၀၀ ဟဲရာဖြင့် ဈေးနှုန်း တည်ငြိမ်ခဲ့သည်။



THAI RICE EXPORTS BY TYPE, 2018 TO 2021

Unit: tonne

| Type of rice | 2018 | 2019 | 2020 | 2021 | % change 2020 to 21 |
|---|---|---|---|---|---|
| White rice | 5,927,940 | 3,213,371 | 1,984,107 | 2,358,121 | 18.9 |
| Thai hom mali rice | 1,665,658 | 1,410,833 | 1,447,870 | 1,422,926 | -1.7 |
| Thai aromatic rice | 451,162 | 513,371 | 574,195 | 550,574 | -4.1 |
| Parboiled rice | 2,801,538 | 2,230,666 | 1,451,285 | 1,474,847 | 1.6 |
| Glutinous rice | 385,878 | 215,420 | 276,567 | 310,878 | 12.4 |
| Total | 11,232,176 | 7,583,662 | 5,734,024 | 6,117,346 | 6.68 |
| Value (million baht) | 182,082 | 130,585 | 116,043 | 107,757 | -7.14 |

TOP 5 THAI RICE IMPORTERS, 2018 TO 2021

| Country | 2018 | 2019 | 2020 | 2021 | % change 2020 to 21 |
|---|---|---|---|---|---|
| South Africa | 778,980 | 726,662 | 672,777 | 772,974 | 14.9 |
| China | 1,004,042 | 471,339 | 381,363 | 632,756 | 65.9 |
| USA | 505,885 | 559,938 | 672,183 | 573,786 | -14.6 |
| Benin | 1,697,930 | 1,066,581 | 484,290 | 374,910 | -22.6 |
| Japan | 222,511 | 266,601 | 257,677 | 292,442 | 13.5 |

Source: Thai Rice Exporters Association

BANGKOK POST GRAPHICS

သီးနှံစိုက်ပျိုးချိန်ကာလတွင် ပဲပုပ်စေ့အများအပြားစိုက်ပျိုးထွက်ရှိသည့် တောင်အမေရိကတိုက်ရှိ ဘရာဇီးလ်နိုင်ငံ တောင်ပိုင်း၊ ပါရာဂွေး၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့၌ ခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်ရန်ခန့်မှန်းထားပြီး သီးနှံအထွက်နှုန်းများကျဆင်းနိုင်ကြောင်း ခန့်မှန်းသုံးသပ်ထားသဖြင့် အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT)၏ ဖေဖော်ဝါရီလ ၇ ရက်နေ့သီးနှံကြိုပွဲဝင့်ရောင်းဝယ်မှုတွင် ပဲပုပ်စေ့ဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA)၏ ဖေဖော်ဝါရီလ လယ်ယာထွက်ကုန် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုပ်စေ့တန်ချိန် ၅၀၇,၀၀၀ တန်အား ရောင်းချထားပြီး တန်ချိန် ၂၄၉,၀၀၀ တန်အား ၂၀၂၁-၂၀၂၂ သီးနှံကာလအတွင်းတင်ပို့သွားရန်နှင့် တန်ချိန် ၂၅၈,၀၀၀ တန်အား ၂၀၂၂-၂၀၂၃ သီးနှံကာလတွင်တင်ပို့သွားမည်ဖြစ်ကြောင်း အမေရိကန်ပို့ကုန်လုပ်ငန်းရှင် များက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုပ်စေ့လက်ကျန်သည် ပဲပုပ်စေ့စည်ပေါင်း ၃၁၄ သန်းခန့် ကျန်ရှိနိုင်ပြီး ယခင်နှစ်က စည်ပေါင်း ၂၅၇ သန်း ကျန်ရှိခဲ့ကြောင်း ဈေးကွက်သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလ ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်မှုတွင် ဘရာဇီးလ်နိုင်ငံမှ တန်ချိန် ၁၃၃ သန်းခန့်နှင့် အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၄၄.၂ သန်းခန့်

ထွက်ရှိနိုင်ကြောင်း၊ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ အမေရိကန်ပဲပုပ်စေ့တင်ပို့မှုသည် တန်ချိန် ၁.၂၁၈ သန်းရှိခဲ့ကြောင်း USDA ၏ ဇန်နဝါရီလအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ကြိုပွိုင့်ရောင်းဝယ်မှုတွင် ၂၀၂၂ ခုနှစ်၊ မတ်လအတွက် ပဲပုပ်စေ့ ၁ စည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅.၈၁ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၈၅ ဆင့် မြင့်တက်ခဲ့ကြောင်း၊ မေလအတွက် ပဲပုပ်စေ့ ၁ စည်တန်ဖိုးသည် ၁၅.၈၆ ဒေါ်လာဈေးပေါက်ခဲ့သဖြင့် ယခင်ကထက် ၂၈.၇၅ ဆင့် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ပဲပုပ်ထွက်ကုန်ရောင်းဝယ်မှုတွင် မတ်လအတွက်ပဲပုပ်ခွံကြိုပွိုင့်ဈေးနှုန်းသည် ၈.၉၀ ဒေါ်လာ ဈေးနှုန်း မြင့်တက်ခဲ့ပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂.၈၀ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက် ပဲပုပ်ဆီကြိုပွိုင့်ရောင်းဝယ်မှုတွင် ၀.၀၂ ဆင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ၁ ပေါင်လျှင် ၆၅.၃၄ ဆင့်ဖြင့် လည်းကောင်းဈေးနှုန်းများအသီးသီးဖြစ်ပေါ်ခဲ့ကြောင်းနှင့် နိုင်ငံခြားငွေရောင်းဝယ်မှုဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၅.၂၅၂၀ ဟဲရာဖြင့် ဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

Source: (ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ ဘရာဇီးလ်နိုင်ငံ

## တရုတ်နိုင်ငံ၏ ကပ်ရောဂါ မူဝါဒကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအား ပိုမို ခြိမ်းခြောက်လျက်ရှိ

ယနေ့ကမ္ဘာတွင် အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့ကူးစက်နေချိန်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံများက ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရေးကို လေ့လာကျင့်သုံးလျက်ရှိကြသော်လည်း တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်လုံးဝကင်းစင်ရေးဗျူဟာ (“zero-Covid strategy”) ကြောင့် ကမ္ဘာ့ထောက်ပံ့မှု ကွင်းဆက်အား ထိခိုက်နေကြရသည့်သတင်းအား ၁၄-၂-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

စီးပွားရေး ပြန်လည်အခြေချလာသည့်နေရာတိုင်းလိုလိုတွင် အိုမီခရွန်ဗိုင်းရပ်စ်ပြန့်နှံ့မှု မြင့်မားလာသဖြင့် လုပ်သားများ ဆေးကုသမှုခံယူနေရပြီး Quarantine နေကြရသည့်အတွက် စီးပွားရေးလုပ်ငန်းများ ထိခိုက်၊ နှစ်နာမှုမြင့်မားလျက်ရှိကြောင်း၊ သို့သော် အိုမီခရွန်သည် ယခင်ကိုဗစ်မျိုးကွဲများထက် ရောဂါခံစားမှုပျော့သည့်အတွက် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ်ပြန့်နှံ့သည့် နေရာများတွင်လည်း ကန့်သတ်မှုများ ဖယ်ရှားခဲ့ကြောင်း၊ အမေရိကန်နိုင်ငံတွင် လည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထက် ဗိုင်းရပ်စ်ကူးစပ်သူ နှစ်ဆကူးစက်ခံရသဖြင့် အလုပ်မလုပ်နိုင်ကြသော်လည်း ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် အလုပ်အကိုင်တိုးတက်မှု မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်၊ နှစ်စတွင် အမေရိကန်နှင့် ဥရောပတွင် စီးပွားရေးတိုးတက်မှု နှေးကွေးသည်ဟု စီးပွားရေးစစ်တမ်းများနှင့် သုတေသနအချက်အလက်များက ဖော်ပြနေသော်လည်း စီးပွားရေးပညာရှင်များက အိုမီခရွန်ကြောင့် ထိခိုက်မှုသည် ယခင်ဗိုင်းရပ်စ်မျိုးကွဲများကြောင့် ထိခိုက်မှုထက် လျော့နည်းနိုင်သည်ဟု မျှော်လင့်ကြကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ထိခိုက်မှု အန္တရာယ်ရှိနေသေးသည်ဟု သတိပေးထားကြသော်လည်း အမေရိကန်နှင့် ဥရောပတွင် ကန့်သတ်ချက်များ ဖယ်ရှားလိုက်ခြင်းသည် ဗိုင်းရပ်စ်နှင့် အတူယှဉ်တွဲနေထိုင်ရန် ဖော်ပြ လိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် တရုတ်နိုင်ငံတွင် ကိုဗစ်လုံးဝကင်းစင်ရေးဗျူဟာ (“zero-Covid”strategy)ကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး ဗိုင်းရပ်စ်ကူးစက်ပြန့်နှံ့သည့်နေရာများအား ကပ်ရောဂါကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်ထုတ်လုပ်သည့်စက်ရုံများအတွက် စက်မှုကုန်ကြမ်းများကို အဓိကထုတ်လုပ်ဖြန့်ဖြူးသည့် နိုင်ငံဖြစ်သည့်အတွက် ကပ်ရောဂါ ကန့်သတ်မှုများ ဆောင်ရွက်ခြင်းသည် အနောက်နိုင်ငံများ၏ တိုးတက်မှုကို နှေးကွေးစေပြီး ငွေဖောင်းပွမှုကို မြင့်မားစေကြောင်း၊ ကပ်ရောဂါကန့်သတ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် တရုတ်စီးပွားရေးတိုးတက်အောင် ဆောင်ရွက် နိုင်သော်လည်း ကမ္ဘာ့ရောင်းလိုအားကွင်းဆက်ကို ထိခိုက်စေကာ ကမ္ဘာ့စီးပွားရေးကို နောက်ကြောင်းပြန်စေပြီး ကမ္ဘာ့ငွေကြေးဖောင်းပွမှုကို မြင့်မားစေကြောင်း ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် ထောက်ပံ့ပို့ဆောင်ရေးအကြပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၀.၅ မှ ၁ ရာခိုင်နှုန်းပွိုင့်ထိ ထိခိုက်ကျဆင်းခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ – IMF မှ ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၁ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ၆.၉ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားခဲ့သော်လည်းအမှန်တွင် ၅.၉ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လထိ တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အမေရိကန်ဒေါ်လာ ၃၅၄ ဘီလီယံဖိုးတင်ပို့ခဲ့ပြီး အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်း အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမဏီနှင့် အိန္ဒိယနိုင်ငံတို့မှလည်း ပမာဏများစွာတင်သွင်းလျက်ရှိသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ယခုချိန်ခါတွင် “zero-Covid” strategy ကို ပယ်ဖျက်လိုက်ပါက ၎င်းအနေနှင့် ကပ်ရောဂါကြောင့်

သေဆုံးမှုများ၊ ထိခိုက်မှုများ ကြုံရနိုင်ဖွယ်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ လူဦးရေ ၈၆ ရာခိုင်နှုန်းခန့်သည် Sinopharm နှင့် Sinovac ကာကွယ်ဆေးထိုးပြီး ဖြစ်သော်လည်း အဆိုပါ ကာကွယ်ဆေးများသည် Moderna နှင့် Pfizer ကာကွယ်ဆေးများလောက် အိုမီခရွန်ဗိုင်းရပ်စ်ကို ကာကွယ်နိုင်မှု မရှိသောကြောင့် ထိခိုက်မှုကြီးမားနိုင်ကြောင်းလည်း ဖော်ပြ ထားပါသည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် ဗိုင်းရပ်စ်နှင့်အတူယှဉ်တွဲနေထိုင်ရေးကိုကျင့်သုံးကာ ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့် ဆောင်ရွက်ပြီး ကပ်ရောဂါကန့်သတ်မှုများ ပယ်ဖျက်ခဲ့ကြကြောင်း၊ တရုတ်တာဝန်ရှိသူများအနေနှင့်လည်း ပို့ကုန်များတိုးမြှင့် တင်ပို့နိုင်ရန် “zero-Covid” မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုကို အတိုး/အလျှော့လုပ်ကာ “zero-Covid” မူဝါဒကို စီမံဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်ဟု Barclays Bank မှ စီးပွားရေးပညာရှင်များက ပြောကြားခဲ့ကြောင်း ဖော်ပြထား ပါသည်။

Source: https://www.wsj.com/articles/omicrons-threat-to-global-economy-increasingly-runs-through-china-11644764401

Source: (ခင်မြမြထွေး၊ စီးပွားရေးသံမှူး) မြန်မာသံရုံး၊ ဝါရှင်တန်

## STOCK EXCHANGE (10.2.22)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1,903 | 15,604,600 | 33,109,694 | 271,499 |
| MTSH | 00002 | 3,050 | +100 | +3.39% | 2,950 | 3,050 | 2,950 | 833 | 2,497,400 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 35 | 273,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 49 | 127,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | -200 | -3.70% | 5,200 | 5,200 | 5,200 | 20 | 104,000 | 10,497,598 | 54,588 |

### Market summary

As of 11th Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.23 | +1.03 | +0.27% | 380.20 | 382.44 | 380.20 | 2,840 | 18,606,400 | 7 | 663,193 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 11th Feb. 2022

| MYANPIX | 381.23 ▲ 1.03 |
|---|---|
| Total Volume (shares) | 2,840 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 663,193 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,200 | ▼ 200 |

TIR